# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ



## ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

၂၀၁၈ခုနှစ်၊ ဇွန်လ၊ (၁)ရက်

# မာတိကာ


| | |
|---|---|
| နိဒါန်း | ၁ |
| စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု | ၁ |
| နိုင်ငံသားဖြစ်မှု | ၅ |
| လွတ်လပ်စွာသွားလာခွင့် | ၇ |
| IDP ကိစ္စရပ်များ | ၇ |
| လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှု | ၈ |
| သတင်းရယူခွင့် | ၉ |
| ပညာရေး | ၉ |
| ကျန်းမာရေး | ၁၀ |
| မူးယစ်ဆေးဝါးများ | ၁၂ |
| နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု | ၁၃ |
| လူ့အဖွဲ့အစည်းများအကြားပေါင်းစည်းရေး | ၁၃ |
| လုံခြုံရေးကဏ္ဍ | ၁၄ |
| ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု | ၁၅ |
| နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး | ၁၆ |
| ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး | ၁၈ |
| အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှု | ၁၉ |
| နိဂုံး | ၂၀ |

## နိဒါန်း

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုအတွက် ငြိမ်းချမ်းမှုတ၍ သာယာဝပြောသော အနာဂတ် ပေါ်ထွန်းလာနိုင်ရေး ဦးတည်လျက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအစီရင်ခံစာသည် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ကော်မတီ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံခြင်း ဖြစ်ပါသည်။

## စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု

ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီမံကိန်းများဆောင်ရွက်ရန် ပြည်သူလူထုထံမှ ရယူ အသုံးပြုခဲ့ရသော မြေယာများအတွက် ထိုက်သင့်သော မြေယာလျော်ကြေးငွေများကို ပေးချေလျက်ရှိရာ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကမ်းသာယာနယ်မြေရဲစခန်းပိုင်မြေ ၆.၀၆ ဧကအတွက် မြေလျော်ကြေး ငွေကျပ်(၂.၇၀၆၈)သန်းနှင့် စစ်တွေမြို့နယ်၊ အမြင့်ကျွန်းရဲစခန်းပိုင်မြေ ၃.၁၁ ဧကအတွက် မြေလျော်ကြေး ငွေကျပ် (၇.၇၇၅) သန်းတို့ကို ခွင့်ပြုရရှိထားပြီးဖြစ်၍ သက်ဆိုင်ရာ တောင်သူများသို့ လျော်ကြေးငွေပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေမြို့နယ်၊ အမြင့်ကျွန်းကျေးရွာအုပ်စု၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး မြေနေရာအတွက် လျော်ကြေးငွေပေးချေရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ ပါဝင်နိုင်မှုကို တိုးမြှင့်ပေးရန်နှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှု၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ရရှိလာမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူလူထု ကောင်းမွန်စွာ ရရှိခံစားနိုင်စေရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စရပ်များအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ (Environmental Impact Assessment-EIA)၊ လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း (Social Impact Assessment-SIA)၊ ဘူမိဗေဒနှင့် မြေမျက်နှာသွင်ပြင် စစ်တမ်းကောက်ယူမှု (Geological and Topographical -G.T survey) လုပ်ငန်းများဆောင်ရွက်ရန် တရုတ် အပြည်ပြည်ဆိုင်ရာ ယုံကြည်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း(China International Trust and Investment Corporation-CITIC)နှင့် မြန်မာဘက်မှ Government Designnated Entity-GDEတို့ ပူးပေါင်းဆောင်ရွက် ပြင်ဆင်လျက်ရှိပါသည်။

အလုပ်သမားဈေးကွက်နှင့်သက်ဆိုင်သည့် လေ့လာ ဆန်းစစ်မှုများ (Labour Market Assessment - LMA) ပြုလုပ်သွားနိုင်ရေး ILOနှင့် ညှိနှိုင်းထားရှိပြီး ဆက်လက်စီမံ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ LMA ပြုလုပ်ရန် စီမံ ဆောင်ရွက်ဆဲကာလတွင် လုပ်သားအင်အားအတွင်း ပါဝင်နိုင်မှု နည်းနေသေးသည့် အမျိုးသမီးထု၏ လိုအပ်ချက်များနှင့် ပတ်သက်၍ အမျိုးသမီးများ အလုပ်အကိုင်ရရှိမှု အလားအလာ မြင့်မားစေရန်အတွက် အမျိုးသမီးဦးစားပေး သင်တန်းများဖြစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အိမ်တွင်းမှု သင်တန်းများ၊ စက်ချုပ်သင်တန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေး သင်တန်းများနှင့် သမဝါယမမွမ်းမံသင်တန်း စသည်တို့ကို စုစုပေါင်း (၄၂)ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး အမျိုးသမီးစုစုပေါင်း (၅၆၈)ဦး တက်ရောက်ခဲ့ပါသည်။




၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း လုပ်ငန်းခွင်သင်တန်း ရရှိခဲ့သော အမျိုးသမီး ဦးရေ

ဒေသလူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အရေးပါသော လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် တံတားတည်ဆောက်ရေးလုပ်ငန်းများအနေဖြင့် စုစုပေါင်းတံတား (၁၃)စင်းကို ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်တံတား (၁၁)စင်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။ ပြည်ထောင်စု/ ပြည်နယ် ငွေလုံးငွေရင်းရုံပုံငွေဖြင့် လမ်း(၃၄)လမ်းပေါ်တွင် အပိုင်းအလိုက် မြေလမ်း/ ကျောက်လမ်း/ ကတ္တရာလမ်း/ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းနှင့် မေယုတောင်ကျော်လမ်း (၂)လမ်း အသစ်ဖောက်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အဓိကကျသည့် မေယုတောင်ကျော်လမ်း(၂)လမ်းဖြစ်သည့် ကျောက်ပန္နူ- အင်းဒင်- စေတီပြင်တောင်ကျော်လမ်း (၉/၀)မိုင်၊ ကြိမ်ချောင်း-ဂုပ္ပိ တောင်ကျော်လမ်း (၉/၇)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းမှာ (၉၈%) ပြီးစီးပြီဖြစ်ပြီး ဘူးသီးတောင် -သပိတ်တောင်- ညောင်ချောင်း- အောင်ဇေယျ-အငူမော်လမ်း (၄၆ မိုင် ၅ ဖာလုံ) ဖောက်လုပ်မှုမှာ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီ ဖြစ်ပါသည်။ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ရေယာဉ်လိုင်း (၂၂)လိုင်းမှ (၂၅) လိုင်းကြား ပုံမှန်ပြေးဆွဲနေပြီး မြစ်တွင်းသွား ကုန်တင်ရေယာဉ် (၅၀)ကျော်၊ မြင်းကောင်ရေ(၂၀)အထက် ကုန်တင်ရေယာဉ် (၇၀၀)ကျော်၊ မြင်းကောင်ရေ(၂၀)အောက် ကုန်တင်ရေယာဉ် (၆၀၀)ကျော်တို့ဖြင့် ခရီးသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးများ ဆောင်ရွက်ပေးလျက်ရှိပါသည်။



၁၃ စင်း

၂၀၁၈ ခုနှစ်၊ ဧပြီလကုန်တွင် ရခိုင်ပြည်နယ်တွင်း တည်ဆောက်ပြီးစီးခဲ့သော တံတားစင်းရေ



၁၁ စင်း

၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင် တည်ဆောက်မည့် တံတားစင်းရေ


လမ်းပမ်းဆက်သွယ်ရေးကဲ့သို့ပင် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည့် လျှပ်စစ်စွမ်းအင်ဆိုင်ရာ ဆောင်ရွက်မှုများအနေဖြင့် ရခိုင်ပြည်နယ်မောင်တောဒေသတွင် 66KV ဓါတ်အားလိုင်းမှ (၂၄)နာရီဓါတ်အား ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပုဏ္ဏားကျွန်းမှ ရသေ့တောင်သို့ 66 KV ဓါတ်အားလိုင်း သွယ်တန်းခြင်းမှာ (၁၀၀%)ပြီးစီးပြီ ဖြစ်သောကြောင့် ၃၁-၃-၂၀၁၈ ရက်နေ့တွင် ရသေ့တောင်ဓါတ်အားခွဲရုံ ဖွင့်လှစ်ပြီး (၂၄)နာရီ လျှပ်စစ်မီးစတင်ရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ဘူးသီးတောင်မြို့၊ ဓါတ်အားခွဲရုံ 66KV၊ 2 × 5MVA တည်ဆောက်ခြင်းလုပ်ငန်းမှာ (၃၈%)နှင့် မောင်တောမြို့ ဓါတ်အားခွဲရုံ၏ 66 KV၊ 5MVA တည်ဆောက်ခြင်းလုပ်ငန်းမှာ (၁၂.၆၁%) ပြီးစီးနေပြီဖြစ်ရာ ဘူးသီးတောင်မြို့အတွက် ၂၀၁၈ခုနှစ်၊ ဇွန်လအကုန်တွင်လည်းကောင်း၊ မောင်တောမြို့အတွက် ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင်လည်းကောင်း မဟာဓါတ်အားလိုင်းမှ



၉၈ %

မေယုတောင်ကျော်လမ်း (၂)လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ


(၂၄) နာရီဓါတ်အား ရရှိနိုင်ရေးအတွက် တည်ဆောက်ရေး လုပ်ငန်းများကို အချိန်မီ ပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိ ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံတော် ဓာတ်အားစနစ် မရှိသေးမီကာလအတွင်း ဆိုလာစနစ်ဖြင့် မီးလင်းရေး ဆောင်ရွက်ပေးလျက်ရှိရာ ဆိုလာမီး (၈,၀၉၂)စုံ တပ်ဆင်နိုင်ရေး တင်ဒါရွေးချယ် စာချုပ်ချုပ်ဆို ပြီးစီးပြီဖြစ် ပါသည်။



၈,၀၉၂ စုံ

ရခိုင်ပြည်နယ်တွင်း ကျေးရွာများ မီးလင်းရေးအတွက် တင်ဒါစနစ်ဖြင့် ဂယ်ယူထားသော ဆိုလာမီးစနစ်ပေါင်း

ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသများ သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံနိုင်ရေးအတွက် ကျေးရွာရေရှိရေး လုပ်ငန်းများ ကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် မူလဘတ်ဂျက်နှင့် ပြည်ထောင်စု (မွမ်းမံ) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေးလုပ်ငန်း (၁၈၄)ခု၊ UNICEF ၏ ပူးပေါင်းမှုဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေး လုပ်ငန်း (၁၃)ခု၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရေရရှိရေး လုပ်ငန်း (၄၈)ခု၊ စုစုပေါင်း (၂၄၅)ခုတို့ကို (၁၀၀%) ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။



၂၄၅ ခု

၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက် သောက်သုံးရေရရှိရေးလုပ်ငန်း

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ တောင်သူလယ်သမား (၃၄၉)ဦးသို့ စက်စီးရေ (၃၄၉)စီးအတွက် ချေးငွေပမာဏကျပ်သိန်း (၁၂,၈၅၃.၄၁) ထုတ်ချေးခဲ့ပါသည်။ စက်မှုလယ်ယာဦးစီးဌာနအနေဖြင့်လည်း လက်တွန်းထွန်စက် (၁၅၆)စီးကို ရောင်းချပေးနိုင်ခဲ့ပါသည်။



၁၂,၈၅၃ သိန်း

၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လယ်ယာသုံး စက်ပစ္စည်းများ ဂယ်ယူရန် ထုတ်ချေးခဲ့သော ငွေပမာဏ

စိုက်ပျိုးရေးချေးငွေ အခွင့်အလမ်းကို ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး ရရှိစေရေးအတွက်လည်း တိုးချဲ့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ အတွင်း မြို့နယ် (၂) မြို့နယ်၊ သမဝါယမအသင်း(၄)သင်း၊ အသင်းသား (၆၇)ဦး၊ လယ်မြေ ဧက(၈၂၁) ဧကအတွက် ချေးငွေ ကျပ် (၂၄၆.၃၀)သန်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ သည့်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ မိုးကြိုကာလ စိုက်ပျိုးရေးချေးငွေ ကျပ် (၂၅.၀၀)သန်းကို ထုတ်ချေးပြီး ဖြစ်ပါသည်။



၁,၃၃၁ ဦး

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနိုင်စေရန် ရခိုင် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တောင်သူလယ်သမားများ သို့ နည်းပညာဆိုင်ရာသင်တန်း(၃၄)ကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၁,၃၃၁)ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း ခေတ်မီစိုက်ပျိုးရေး နည်းပညာ ဆိုင်ရာ သင်တန်း ရရှိခဲ့သော တောင်သူလယ်သမားဦးရေ

ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် တယ်လီဖုန်း၊ အင်တာနက်၊ ဆက်သွယ်ရေး ဝန်ဆောင်မှုများ တိုးတက်ရရှိစေရန် မိုဘိုင်းရေဒီယိုစခန်းများ (၇၇)ခု၊ စာတိုက်လုပ်ငန်း အသစ်ဝန်ဆောင်မှု(၂၈)ခု တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါသည်။ ဖိုင်ဘာဆက်ကြောင်း ချခင်းမှုတွင် စစ်တွေ-အင်္ဂူမော်-မောင်တော-ဘူးသီးတောင် ဆက်ကြောင်းနှင့် မောင်တော-တောင်ပြိုလက်ဝဲ ဆက်ကြောင်းတို့တွင် (၈၄) ကီလိုမီတာ ဆောင်ရွက်ပြီး ဖြစ်ပါသည်။

မြောက်ဦးလေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ပထမအဆင့်အနေဖြင့် Expression of Interest (EOI) ဖိတ်ခေါ်ခြင်းအား နိုင်ငံပိုင်သတင်းစာမှ ကြော်ငြာခေါ်ယူရန်နှင့် Request for Proposal (RFP) ရေးဆွဲရေးအတွက် Consultant ငှားရမ်းခွင့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနထံမှ ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် အညီ EOI Document များကို Consultant ငှားရမ်း၍ ပြုစုရေးဆွဲလျက် ရှိပြီး၊ (Public Private Partnership - PPP) စနစ်၏ လုပ်ငန်းစဉ်များအတိုင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကူးသန်းသွားလာမှုတွင် အရေးပါသော စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်းမြေပြိုမှုပြုပြင်ခြင်းနှင့် လေယာဉ်ပြေးလမ်း ကတ္တရာရေပိတ်လွှာခင်းခြင်း၊ ကျောက်ဖြူလေယာဉ်ကွင်း လေယာဉ်ပြေးလမ်း (၂၈၀၀ x ၁၀၀)ပေ အကွက်လိုက် ဖာထေးခြင်းနှင့် (၁၃၀၀x ၅၀)ပေအား Seal နှစ်ထပ်တင်ခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်ပိုင် မြန်မာအမျိုးသား လေကြောင်းအနေဖြင့် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေ၊ ကျောက်ဖြူ၊ မာန်အောင်၊ အမ်းမြို့များသို့ ခရီးသည် (၄၅,၁၉၇)ဦး ပို့ဆောင်ပေးခဲ့ရာ ပြည်တွင်းခရီးသည်များ အားလုံး၏ (၉%)ရှိခဲ့ပါသည်။

ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များနှင့် ပတ်သက်ပြီး ပို့ကုန်လိုင်စင်လျှောက်ထားရာတွင် ယခင်က စာရွက်အထောက်အထား (၉)မျိုး လိုအပ်ခဲ့ရာမှ ယခုအခါ စာရွက်အထောက်အထား (၃)မျိုးကိုသာလည်းကောင်း၊ သွင်းကုန်လိုင်စင် လျှောက်ထားရာတွင် ယခင်က စာရွက်အထောက်အထား (၁၁)မျိုး လိုအပ်ခဲ့ရာမှ ယခုအခါ စာရွက် အထောက်အထား (၃)မျိုးကိုသာလည်းကောင်း တင်ပြရန် ဖြေလျှော့ပေးခဲ့ပါသည်။ ကုမ္ပဏီမှတ်ပုံတင်ကြေးများကိုလည်း ၂၀၁၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှစ၍ ၅၀၀,၀၀၀ ကျပ်မှ ၂၅၀,၀၀၀ ကျပ်သို့ လျှော့ချပေးခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုအခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်အသိပေးမှု ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အလိုအလျောက် မိုးလေဝသတိုင်းထွာရေး ကိရိယာများကို ကမ္ဘာ့ဘဏ်၏ အရေးပေါ် တုံ့ပြန်မှုဆိုင်ရာနည်းလမ်းအစီအစဉ်ဖြင့် ရခိုင်ပြည်နယ်၊ မြို့နယ် (၁၀)မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနများနှင့် ဥယျာဉ်ဝတီရေတပ်စခန်းဌာနချုပ် တည်ရှိရာ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့၊ စုစုပေါင်း (၁၂)မြို့နယ်တွင် တပ်ဆင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် မြေငလျင် တိုင်းစက်(၄)လုံးကို ရခိုင်ပြည်နယ်ရှိ မြို့နယ် (၄)မြို့နယ်၌ တပ်ဆင်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုမြှင့်တင်ခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချခြင်းလုပ်ငန်းများအဖြစ် ရခိုင်ပြည်နယ်၊ မြို့နယ် (၇)မြို့နယ်တွင် စိုက်ပျိုးထားသော သစ်ပင်သစ်တောများ ဓမ္မတာမျိုးဆက်ခြင်း ကောင်းမွန်စေရန်အတွက် အထောက်အကူ လုပ်ငန်းများကို (၅၂၅)ဧက ဆောင်ရွက်ခြင်း၊ စီးပွားရေး (ပျဉ်းကတိုး) စိုက်ခင်း (၃၀၀)ဧက တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောလမ်း မိုင်(၂၀) ပြင်ဆင်ခြင်း၊ ကြိုးဝိုင်းနယ်နိမိတ်မိုင်(၉၀)ပြင်ဆင်ခြင်း၊ အကွက်နယ်နိမိတ် မိုင်(၈၀) ပြင်ဆင်ခြင်း ၊ မီးကာကွယ်ခြင်း ဧက (၁,၁၉၀)၊ ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တော တိုးချဲ့ဖွဲ့စည်းခြင်း (၆၀၂.၅) စတုရန်းမိုင်နှင့် သင်တန်းသား (၁၆၈)ဦးအတွက် သစ်တောသစ်ပင် ထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းပို့ချခြင်း (၃)ကြိမ်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

စက်မှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ စပါးများကို အခြောက်ခံတာရှည် သိုလှောင်ထိန်းသိမ်းထားနိုင်ရန်အတွက် တန်ချိန်(၅၀၀) ဝင်ဆံ့သည့် Silo(1)Set တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိရာ ၉၃% ပြီးစီးပြီဖြစ်ပါသည်။

မျိုးစေ့ထုတ်စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းအနေဖြင့် ရခိုင်ပြည်နယ်တဝှမ်းရှိ မြို့နယ်အားလုံးတွင် နွေစပါး (၅၅)ဧက၊ မြေပဲ (ဆောင်း) (၂၀)ဧက၊ မတ်ပဲ(ဆောင်း) (၅၀)ဧကနှင့် မိုးစပါးမျိုးသန့်ဖုန်(၂,၅၀၀) ဧက၊ မြေပဲဖုန် (၁,၁၁၅) ဧက၊ မတ်ပဲဖုန် (၁,၀၆၀) ဧက တည်ထောင်ပေးနိုင်ခဲ့ပါသည်။ မြို့နယ်အသီးသီးတွင် မိုးစပါးစံပြကွက် (၃၃၀)ဧက၊ မတ်ပဲစံပြကွက် (၉၅)ဧက၊ မြေပဲစံပြကွက် (၃၅၀)ဧက၊ ရာဘာစံပြကွက် (၂၀)ဧက၊ သီဟိုဠ်စံပြကွက် (၅၀)ဧက၊ ကြံစံပြကွက် (၁၀)ဧက စသည်ဖြင့် အသီးသီး စိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများအတွက်လည်း မတ်ပဲသုတေသန စမ်းသပ်ကွက် (၃)ကွက်၊ မြေပဲသုတေသန စမ်းသပ်ကွက် (၂)ကွက်နှင့် နွေစပါးစိုက်နည်းစနစ် စမ်းသပ်ကွက် (၅)ကွက်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆည်မြောင်းစနစ် တိုးတက်လာစေရန် အကူရေပိုလွှဲတပ်ဆင်ခြင်း လုပ်ငန်း(၁)ခု၊ လျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း (၂)ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း (၁)ခုတို့ကို ရာနှုန်းပြည့်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ဆက်လက်၍ ကွန်ကရစ်ရေတံခါး တည်ဆောက်ခြင်းလုပ်ငန်း (၉)ခု၊ တာပုံစံကျ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်း (၉)ခု၊ လျှိုပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း (၁၀)ခု၊ ရေငံတားတာ တည်ဆောက်ခြင်းလုပ်ငန်း (၂)ခု၊ ရေချိုတမံ တည်ဆောက်ခြင်းလုပ်ငန်း (၄)ခု၊ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း (၁)ခု၊ ချောင်းပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း (၅)ခုတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

## နိုင်ငံသားဖြစ်မှု

ရခိုင်ပြည်နယ်အတွင်း (၁၉၈၂)ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၆၅)အရ နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် လျှောက်ထားသူများအား ၁-၁-၂၀၁၈ မှ ၃၀-၄-၂၀၁၈ ရက်နေ့အထိ ကာလအတွင်း ဗဟိုအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အသက် (၁၀) နှစ်ပြည့်သူ (၈၇) ဦးနှင့် အသက်(၁၈) နှစ်ပြည့်သူ (၂၅၂ ) ဦး၊ စုစုပေါင်း (၃၃၉)ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပါသည်။ ထိုနိုင်ငံသားစိစစ်ရေးကတ်ပြားရရှိသူများသည် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ (၁၂) နှင့် ပုဒ်မ (၅၃) တို့တွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ ဥပဒေပါ နိုင်ငံသား အခွင့်အရေးများကို ခံစားခွင့်ရှိပါသည်။



၃၃၉ ဦး

၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သူ ဦးရေ

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို တည်ဆဲဥပဒေ စည်းမျဉ်းများနှင့်အညီ အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ၁-၁-၂၀၁၈ မှ ၃၀-၄-၂၀၁၈ ရက်နေ့ထိ ကာလအတွင်း မောင်တောမြို့နယ်၊ ရွှေဇားကျေးရွာအုပ်စု၊ မြို့မ(၁)ရပ်ကွက်

နှင့် မြို့မတောင်ရပ်ကွက်တို့တွင် (NV Card) ထုတ်ပေးခြင်း နှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း (၃၇၉)ဦး၊ စစ်တွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ သက္ကယ်ပြင်ကျေးရွာ နှင့် သဲချောင်းကျေးရွာတို့တွင် NV Card ထုတ်ပေးခြင်းနှင့် Biometric Data စနစ်ဖြင့် မှတ်တမ်းတင်ခြင်း (၁၉၀၇) ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံသားစိစစ်မှု၏ အခြေခံဖြစ်သော NV Card လုပ်ငန်းစဉ် အရှိန်မြှင့်တင်ခြင်းကို စစ်တွေမြို့ရှိ သက္ကယ်ပြင် IDP စခန်းနှင့် ခေါင်းဒုက္ခ IDP စခန်း၊ ကျောက်တော်မြို့ရှိ နိဒင် IDP စခန်းတို့တွင် အဓိကရွေ့ပြောင်းဧရိယာ (Pilot Area)အဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါသည်။ ယင်းအပြင် NV Card လာရောက်လျှောက်ထားသူများကို လည်း နိုင်ငံသားစိစစ်မှု ခံယူနိုင်ရေးအတွက် တစ်ပြိုင်တည်း လျှောက်ထားနိုင်ရန် ဆောင်ရွက်ထားပါသည်။



၂၀၁၈ ခုနှစ်၊ ပထမ (၄)လအတွင်း မိမိတို့ဆန္ဒအလျောက် NV Card ရယူခဲ့သူ ဦးရေ

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အနေဖြင့် စတင်လျှောက်ထားသည့်နေ့မှစ၍ ကိုင်ဆောင်သင့်သည့် လက်မှတ်/ကတ်ပြား တစ်မျိုးမျိုးရရှိသည်အထိ ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အချိန်(၅)လခန့်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်ကာလ သတ်မှတ်ထားပါသည်။

နိုင်ငံသားဖြစ်ခွင့်မရရှိသူများသည် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ ၇၀(က)အရ အစိုးရအဖွဲ့ထံသို့ အယူခံတင်ပြပိုင်ခွင့်ရှိပြီး ပုဒ်မ ၇၀(ခ)အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာရမည် ဖြစ်ပါသည်။ ယင်းပြဌာန်းချက်များနှင့်အညီ ဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ရောက်သူ(၃)ဦးတို့ကို ပြန်လည်စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံသားအဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ပါသည်။ နိုင်ငံသားမဟုတ်သော်လည်း မြန်မာနိုင်ငံအတွင်း နေထိုင်သူ မှန်ကန်ပါက နိုင်ငံအတွင်းနေထိုင်ရန် (NV) ကတ်များ ကိုင်ဆောင်၍ နိုင်ငံတော်မှ ချမှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့် အညီ နေထိုင်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံတွင် အမြဲတမ်း လာရောက်နေထိုင်သော မြန်မာနိုင်ငံသား မဟုတ်သူများအား နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများ( Permanent Resident) ပြဋ္ဌာန်းသတ်မှတ်လျက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင်ရန် ပြည်သူဘက်မှ ပူးပေါင်းဆောင်ရွက်လိုမှုများ ဖြစ်ပေါ်လာစေရေး အတွက် အားပေးဆောင်ရွက်သည့်အနေဖြင့် ၁-၁-၂၀၁၈ ရက်နေ့မှ ၃၁-၃-၂၀၁၈ ရက်နေ့အတွင်း ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေ၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ ကျောက်တော်၊ မောင်တောမြို့နယ်များတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြား လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အစ္စလာမ်ဘာသာဝင်များ နိုင်ငံတော်၏ နိုင်ငံသားစိစစ်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းဖော်ပြစာများ ဖြန့်ဝေခဲ့ပါသည်။

စိစစ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်း စုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ကလည်း ယင်းတို့ လက်ခံရရှိသည့် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

## လွတ်လပ်စွာသွားလာခွင့်

ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံးကို ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံသားဖြစ်တည်မှုတို့အပေါ် အခြေခံသည့် မည်သည့်ခွဲခြားမှုကိုမျှ မပြုဘဲ နိုင်ငံတော်၏တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လူမှုစီးပွားဆိုင်ရာ အခွင့်အရေးများ အပါအဝင် လွတ်လပ်စွာသွားလာခွင့်ရရှိရေးကို အချိန်ကာလနှင့် အရေးပါသောမှတ်တိုင်များ (milestones) ပါဝင်သည့် လမ်းပြမြေပုံရေးဆွဲ၍ တိုးတက်ဖော်ဆောင်ပေးလျက်ရှိရာ NVC Card ကိုင်ဆောင်သူများသည် မောင်တောခရိုင်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိပြီ ဖြစ်ပါသည်။ ယင်းလွတ်လပ်စွာ သွားလာခွင့်နှင့် စပ်လျဉ်းသည့် သတ်မှတ် ပြဌာန်းချက်များကို သက်ဆိုင်ရာတာဂန်ရှိဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးသုံးသပ်၍ ဖြေလျှော့သင့်သည်များကို ဖြေလျှော့ ဆောင်ရွက်ခဲ့ရာ ပြည်နယ်ပြင်ပ သွားလာမှုမှာ ၁-၁-၂၀၁၈ ရက်နေ့မှ ၃၀-၄-၂၀၁၈ ရက်နေ့အတွင်း ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့်လက်မှတ် ပုံစံ(၄) ဖြင့် ခရီးသွားခွင့်ပြုသူ ကျား(၃၁) ဦး၊ မ(၂၇) ဦး၊ စုစုပေါင်း (၅၈) ဦးရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လူမှုအဖွဲ့အစည်းများအချင်းချင်း ကူးလူးဆက်ဆံသွားလာမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်းသည့် အသိပေးဆွေးနွေးမှုများကို ၄-၃-၂၀၁၈ နေ့နှင့် ၅-၃-၂၀၁၈နေ့များတွင် စစ်တွေမြို့၊ အောင်မင်္ဂလာရပ်ကွက်နှင့် စစ်တွေမြို့၊ သက္ကယ်ပြင် IDP စခန်းတို့တွင်လည်းကောင်း၊ ၂၇-၃-၂၀၁၈နေ့နှင့် ၂၈-၃-၂၀၁၈ နေ့များတွင် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရုံးအနေဖြင့်လည်း ဒေသနေပြည်သူများ လွတ်လပ်လုံခြုံစွာ ခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးစီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးလျက် ရှိပါသည်။

ယင်းအပြင် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ထားသော ဥပဒေများ၊ ဒေသအလိုက်ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များ ရှိ/မရှိဆန်းစစ်ရန်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို၊ ခမီ၊ ဒိုင်းနက် (ခေါ်) သက္ကမ၊ အရှိုချင်း၊ စုမ်းတူချင်း၊ လိုင်စေချင်း၊ လေးတူချင်း၊ မရမာကြီး၊ ကမန်အစရှိသည့် ဒေသနေတိုင်းရင်းသား လူမျိုးစုငယ် ကိုယ်စားလှယ်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲကို ၇-၄-၂၀၁၈ ရက်နေ့က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ခိုင်သဇင်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ တက်ရောက်လာသူ တိုင်းရင်းသား လူမျိုးစုငယ် ကိုယ်စားလှယ်များအနေဖြင့် များစွာကျေနပ်မှုရှိကြောင်းလည်း သိရှိရပါသည်။

## IDP ကိစ္စရပ်များ

IDPစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အချိန်ဇယားတို့ ပါဝင်သော IDPစခန်းများ ပိတ်သိမ်းရေး အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၀၁၈ခုနှစ်၊ ဇွန်လ(၂)ရက်နေ့တွင် သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်၍ နေပြည်တော်တွင် ကျင်းပပြုလုပ်သွားရန် စီစဉ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများအမြန်ဆုံးပိတ်သိမ်းပြီး တည်ငြိမ်အေးချမ်းသော လူမှုဂန်းကျင်ဖော်ဆောင်နိုင်ရေးအတွက် IDP စခန်းများကို စနစ်တကျ ပိတ်သိမ်းနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြေပုံမြို့နယ် တောင်ပေါ် IDP စခန်းပိတ်သိမ်းနိုင်ရန် စခန်းနေသူများအတွက် ပထမအဆင့်အနေဖြင့် တန်ဖိုးနည်းအိမ်ရာ (၅၀)လုံး ဆောက်လုပ်ပြီးဖြစ်၍ နေရာချထားမှုများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒုတိယအဆင့်အိမ်ရာ(၅၀)လုံးကို လည်း ထပ်မံဆောက်လုပ်လျက်ရှိကာ အခြားလိုအပ်သော လမ်းတံတားလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန် စီမံထားရှိပြီး ဖြစ်ပါသည်။

ကျောက်တော်မြို့၊ နိဒင်IDP စခန်း ပိတ်သိမ်းနိုင်ရေးအတွက် ၄-၄-၂၀၁၈နေ့နှင့် ၅-၄-၂၀၁၈နေ့များတွင်လည်းကောင်း၊ စစ်တွေမြို့ သက္ကယ်ပြင် IDP စခန်း ပိတ်သိမ်းရေးအတွက် ၅-၃-၂၀၁၈ နေ့တွင်လည်းကောင်း၊ စစ်တွေမြို့၊ ခေါင်းဒုက္ကာ (၁)နှင့် (၂) IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ၆-၄-၂၀၁၈ နေ့တွင်လည်းကောင်း၊ စခန်းနေသူများနှင့် တွေ့ဆုံဆွေးနွေးပြီးဖြစ်၍ ပြန်လည်နေရာချထားရေးဆိုင်ရာလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးနိုင်မှု

နေ့စဉ်လူနေမှုဘဝ ခိုင်မာစွာ ရပ်တည်နိုင်မှု မရှိသေးသူများကို လိုအပ်သော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆက်လက် ပံ့ပိုးပေးလျက်ရှိရာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်အတွင်း အိမ်ထောင်စု (၁,၆၉၄)စု မှ လူဦးရေ (၁၀၃၂၇)ဦးတို့အတွက် ငွေကျပ် (၁၂၈.၄၂)သန်း တန်ဖိုးရှိ စားနပ်ရိက္ခာများ ဖြစ်သော (ဆန်၊ ဆီ၊ ဆား၊ ပဲ)တို့ကိုလည်းကောင်း၊ UEHRD လုပ်ငန်းအစီအစဉ်ဖြင့် ဘူးသီးတောင်၊ မောင်တော မြို့နယ်များမှ အိမ်ထောင်စု (၄,၅၂၀)စုမှ လူဦးရေ (၂၉,၁၄၀)ဦးအတွက် ငွေကျပ်(၂၇၇.၂၉၆)သန်း တန်ဖိုးရှိ  ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ နို့မှုန့်တို့ကိုလည်းကောင်း၊ ဒေသခံများလက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ပါသည်။

စစ်တွေမြို့ပေါ်ရှိ သဲချောင်း(ရခိုင်ရွာ)မှ အိမ်ထောင်စုဦးရေ (၁၅၆)စုနှင့် ခေါင်းဒုက္ကာကယ်ဆယ်ရေးစခန်းရှိ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုဦးရေ (၈၄)စုတို့အတွက် အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရည်သန့်ရှင်းမှု ပစ္စည်းများ ထောက်ပံ့နိုင်ခဲ့ပါသည်။


ကလေးသူငယ်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ပေးထားသော စစ်တွေမြို့ပေါ် ကယ်ဆယ်ရေး စခန်းများရှိ ကလေးပျော်နေရာများ၊ အုန်းတောကြီးမြောက်၊ စက်ရုံစု၊ ခေါင်းဒုက္ကာ၊ ဖွဲရာကုန်း၊ သဲချောင်းရွာများရှိ ကလေးပျော်နေရာများအတွက် သင်ထောက်ကူပစ္စည်းများ၊ ကစားစရာပစ္စည်းများ ထောက်ပံ့ခဲ့ပါသည်။

အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန် လူသားအစ ရက် (၁,၀၀၀)ကာလ ထောက်ပံ့မှုအဖြစ် ၁.၃.၂၀၁၈ ရက်နေ့တွင် ရခိုင်တစ်ပြည်နယ်လုံးရှိ မြို့နယ်အသီးသီးတွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများအား လစဉ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ အကျိုး ခံစားခွင့်ရှိသူ (၅၆,၅၆၀)ဦးအတွက် စုစုပေါင်း ငွေကျပ် (၂,၅၃၈.၇၂) သန်း ပေးအပ်ခဲ့ပါသည်။




ရခိုင်ပြည်နယ်အတွင်း လစဉ် ထောက်ပံ့ငွေများ ရရှိခဲ့သည့် ကိုယ်ဝန်ဆောင် မိခင်နှင့် အသက် (၂)နှစ်အောက် ကလေးဦးရေ

ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement-RCM) အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့်အတူ ပူးပေါင်း၍ ရခိုင်ပြည်နယ်အတွင်း ၁.၁.၂၀၁၈မှ ၁၁.၄.၂၀၁၈နေ့အထိ အိမ်ထောင်စု(၁၂,၁၈၄)စုမှ လူဦးရေ(၆၁,၆၄၄)ဦးအတွက် အရေးပေါ် စားသောက်ကုန်ပစ္စည်းနှင့် အခြားပစ္စည်းများ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ၊ အာဟာရထုပ်နှင့် ဓာတ်ဆားထုပ်များ၊ မျိုးစေ့များ၊ Temporary Shelter များ၊ သောက်သုံးရေသန့်နှင့် ရေစစ်များ ထောက်ပံ့ခဲ့ပါသည်။




Red Cross Movement က ကူညီထောက်ပံ့ခဲ့သော လူဦးရေ

## သတင်းရယူခွင့်

ရခိုင်ပြည်နယ်ဆိုင်ရာ သတင်းမှန်များကို ပြည်တွင်း/ပြည်ပ မီဒီယာများ ပိုမိုသိရှိပြီး တရားဥပဒေ စိုးမိုးရေးနှင့် တည်ငြိမ် အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်း စီစဉ်မှုဖြင့် ယခုလေးလတာကာလပတ်အတွင်း ပြည်တွင်း/ပြည်ပ သတင်းမီဒီယာအဖွဲ့ဝင် စုစုပေါင်း (၇၄)ဦးအတွက် ရခိုင်ပြည်နယ်သို့ သွားရောက် သတင်းရယူနိုင်ရေး ခရီးစဉ် (၄)ကြိမ်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး စသည့် ကဏ္ဍစုံဆောင်ရွက်ချက်များကို ပြည်တွင်း/ပြည်ပမှ ပိုမိုသိရှိပူးပေါင်းပါဝင်နိုင်ရေး ရည်ရွယ်၍ မီဒီယာ ထောက်ပံ့မှုလုပ်ငန်းစဉ်အဖြစ် သတင်းထုတ်ပြန်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အသိပညာပေးခြင်း၊ သတင်းဆောင်းပါး ရေးသားခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ရာ

- ရုပ်သံအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၆၈၉)ကြိမ်၊ တွေ့ဆုံမေးမြန်းမှု (၃)ကြိမ်၊ ပညာပေးနှင့် မှတ်တမ်း အစီအစဉ် (၄၁)ကြိမ်၊
- ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု (၁,၇၉၇)ကြိမ်၊ တွေ့ဆုံမေးမြန်းမှု (၁၇)ကြိမ်၊ ပညာပေးနှင့်
- မှတ်တမ်းအစီအစဉ် (၅)ကြိမ်၊ အသိပညာပေးထုတ်လွှင့်မှု (၃၆၈)ကြိမ်၊
- Public Service Announcement (PSA) (၂၆၄)ကြိမ်၊
- ပြန်ကြားရေးဝန်ကြီးဌာန Website တွင် သတင်းဖော်ပြမှု (၁,၂၀၇)ကြိမ်၊
- နေ့စဉ်ထုတ် သတင်းစာများတွင် သတင်းဖော်ပြမှု (၄၈၂)ကြိမ်၊ ဓာတ်ပုံဖော်ပြမှု (၈၅၈)ကြိမ်၊ တွေ့ဆုံ မေးမြန်းခြင်း (၂၇)ကြိမ်တို့ ဆောင်ရွက်နိုင်ခဲ့ပါသည်။


## ပညာရေး

ရခိုင်ပြည်နယ်အတွင်းရှိ ကလေးများအတွက် ကိုးကွယ်သည့် ဘာသာ၊ လူမျိုးနှင့်၊ နိုင်ငံသား၊ ကျား/မ ဖြစ်တည်မှုတို့အပေါ် ခွဲခြားမှုမပြုဘဲ တူညီသော ပညာသင်ခွင့် ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်မှုဖြစ်စဉ် ကြောင့် ပိတ်ခဲ့ရသောကျောင်း (၄၂၄)ကျောင်းအနက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် (၃၄)ကျောင်း ထပ်မံ ဖွင့်လှစ်နိုင်ခဲ့သည့် အတွက် ကလေးများ စာပေသင်ကြားနိုင်သည့် ကျောင်း စုစုပေါင်း (၃၂၄)ကျောင်းရှိပြီးဖြစ်ပါသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ဒုတိယ နှစ်ဝက်ဆုံး စာမေးပွဲများ စစ်ဆေးပြီး စာမေးပွဲ အောင်စာရင်းများ ကိုလည်း ထုတ်ပြန်ပြီး ဖြစ်ပါသည်။ သက်မွေးပညာ သင်ယူမှု အခွင့်အလမ်းများ လက်လှမ်းမီနိုင်စေရန် ရခိုင်ပြည်နယ်၊ ဂွမြို့ နှင့် ဘူးသီးတောင်မြို့တို့တွင် အစိုးရနည်းပညာ အထက်တန်း ကျောင်း (၂)ကျောင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေး နှစ်မှ စတင်၍ ဘတ်ဂျက်လျာထား တင်ပြသွားမည် ဖြစ်ပါသည်။




အကြမ်းဖက်မှု ဖြစ်စဉ်ကြောင့် ပိတ်သိမ်းခဲ့ရသော ကျောင်း (၄၂၄) ကျောင်း အနက် ပြန်လည်ဖွင့်လှစ်နိုင်သော ကျောင်းအရေအတွက်

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ် စုစုပေါင်း (၁၀၅,၃၆၂.၉၆၃)သန်း ရင်းနှီးမြှုပ်နှံသုံးစွဲခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ဆောက်လုပ်ရေး ငွေလုံးငွေရင်း အသုံးစရိတ်များတွင် ရခိုင်ပြည်နယ်ပညာရေးကဏ္ဍ အသုံးစရိတ်သည် ပညာရေးဝန်ကြီးဌာန အသုံးစရိတ် စုစုပေါင်း၏ (၈)ရာခိုင်နှုန်းရှိပြီး ပြည်နယ်များတွင် အများဆုံးဖြစ်ပါသည်။



၁၀၅,၃၆၂.၉၆ သန်း

၂၀၁၇ - ၁၈ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အတွက် စုစုပေါင်း ပညာရေးအသုံးစရိတ်


ရခိုင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသော ဆရာ/ ဆရာမများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးအောက်ရှိ နီးစပ်ရာနယ်မြေရုံး၊ နယ်မြေရဲစခန်းနှင့် ရဲကင်းစခန်းဝင်းတို့တွင် သီးခြားအဆောင်များပေးအပ်၍ နေထိုင်ရေး အဆင်ပြေလုံခြုံမှုရှိအောင် ဆောင်ရွက်ထားရှိပါသည်။

မောင်တောခရိုင်အတွင်း စာပေသင်ကြားမှု မြှင့်တင်နိုင်ရန် ဘင်္ဂလီစကားတတ်ကျွမ်းသော ဆရာ/ဆရာမ (၁၀၀)ဦးခန့် ကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားရှိပါသည်။

ရခိုင်ပြည်နယ်တွင် လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအတွက် လိုအပ်သော ကျောင်းသုံးစာအုပ်များနှင့် ကျောင်းထောက်ပံ့ကြေးများကိုလည်း ကျောင်းဖွင့်ရာသီအမီ ပံ့ပိုးပေးနိုင်ရန် စီစဉ်ထားရှိပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးမှ ပညာသင်ယူရန် ခက်ခဲနေသည့် မိသားစုဝင်များအတွက် သက်မွေးပညာ သင်ကြားနိုင်မှုအား အဟန့်အတားဖြစ်စေနိုင်သော ကျောင်းနှင့်အိမ် အသွားအပြန် ခရီးစရိတ်၊ အစားအစာ၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်သည့် ကုန်ကျစရိတ်များကို စိစစ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းပညာနှင့် သက်မွေးပညာဦးစီးဌာနမှလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်၍ ဘတ်ဂျက်လျာထားနိုင်ရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

## ကျန်းမာရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ မည်သူမဆို ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနိုင်ကြောင်းနှင့် ဆေးရုံဆေးခန်းများသည် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသူများအတွက် အကာအကွယ်ပေးထားသည့် နေရာများဖြစ်ကြောင်း အသိပေးကြေညာချက်များပြုလုပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိရာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း စစ်တွေဆေးရုံ၊ သက္ကယ်ပြင်ဆေးရုံ၊ မြောင်းဘွေဆေးရုံ၊ ဘူးသီးတောင်ဆေးရုံ၊ စေတီတောင်ဆေးရုံ၊ မောင်တောဆေးရုံများတွင် ပြင်ပလူနာနှင့် အတွင်းလူနာအဖြစ် တိုင်းရင်းသား (၂,၈၂၃)ဦး၊ မွတ်စလင်ဘာသာဝင် (၁၁,၃၇၃)ဦး၊ စုစုပေါင်း (၁၄,၁၉၆)ဦးကို ကုသပေးခဲ့ပါသည်။



၁၄,၁၉၆ဦး

၂၀၁၈ခုနှစ် ပထမ(၄) လအတွင်း စစ်တွေ၊ ဘူးသီးတောင်နှင့် မောင်တော မြို့နယ်အတွင်းရှိ ဆေးရုံများတွင် ဆေးကုသပေးခဲ့သူလူနာဦးရေ

လူဦးရေနှင့်အညီ သင့်လျော်သော ကျန်းမာရေးလုပ်သားအချိုး ရှိစေရန် ကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ပေး လျက်ရှိရာ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း

- စစ်တွေမြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တွင် သင်တန်းသူ သူနာပြု/ သားဖွား (၄၃၀)ဦး သင်ကြားလျက်ရှိပါသည်။




စစ်တွေသူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင်
သင်ကြားပို့ချပေးလျက်ရှိသော သင်တန်းသူအရေအတွက်

- ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အထူးကု ဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း (၇၈)ဦးကို ထပ်မံဖြည့်တင်း ခန့်ထားပေးခဲ့ပါသည်။

- ရခိုင်ပြည်နယ်အတွင်း ကျောက်တော်၊ အမ်း၊ မြေပုံ မြို့နယ်များတွင် အရံသားဖွားသစ်လွင် သင်တန်း (၁)ကြိမ်ဖြင့် အရံသားဖွား(သစ်လွင်) (၃၂)ဦး၊ အရံ သားဖွား မွမ်းမံသင်တန်း (၂)ကြိမ်ဖြင့် အရံသားဖွား ဆရာမ (၄၉)ဦး၊ စုစုပေါင်း သင်တန်းသူ (၈၁)ဦးတို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။




၂၀၁၈ခုနှစ် ပထမ(၄)လအတွင်း ရခိုင်ပြည်နယ်တွင်
ထပ်မံခန့်ထားပေးခဲ့သော ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်း အရေအတွက်

- ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်သူ့ကျန်းမာရေး ကြီးကြပ်(၂) သင်တန်းပြီးဆုံးသွားပြီဖြစ်သော ပြည်သူ့ ကျန်းမာရေးကြီးကြပ်(၂) သင်တန်းဆင်း (၁၀၁)ဦးမှာ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၈)မြို့နယ်တွင် လူထု ကျန်းမာရေးလုပ်သား သစ်လွင်သင်တန်း (၇)ကြိမ်ဖြင့် လူထု ကျန်းမာရေးလုပ်သား (သစ်လွင်) (၁၉၆)ဦး၊ လူထု ကျန်းမာရေး လုပ်သားမွမ်းမံသင်တန်း (၁)ကြိမ်ဖြင့် လူထုကျန်းမာရေး လုပ်သား (၂၀)ဦးအား သင်တန်းပေးနိုင်ခဲ့ပါသည်။

ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် သွေးလှူဘဏ်ငယ် အသစ် တည်ထောင်ရေးအတွက် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီးလိုအပ်ချက်အတွက် Solar System တပ်ဆင်ထားပြီးဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍတွင် အကျင့်ပျက်မှု၊ တရားမဝင်အခကြေးငွေပေးရမှု၊ မတရားအမြတ်ထုတ်မှုများ၊ ခွဲခြားနိမ့်ချ ဆက်ဆံမှုများရှိပါက အရေးယူဆောင်ရွက်နိုင်ရန် ဆေးရုံများနှင့် ကျန်းမာရေးဌာနများ အားလုံးတွင် အကြံပြုစာသေတ္တာ (Suggestion Box)များ ထားရှိပါသည်။

စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲလျက်ရှိပြီး၊ နော်ဝေနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် 3MDG အဖွဲ့တို့မှ သက်ဆိုင်ရာပညာရှင်များနှင့် (၅)ကြိမ် တွေ့ဆုံဆွေးနွေးကာ၊ Master Plan နှင့် ပတ်သက်၍ ပညာရှင်များ၏ အကြံဉာဏ်ရယူခြင်း၊ Working Group Committee ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။ စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများအနက် လုပ်ငန်း(၈)ခုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း (၃)ခုအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း အာဟာရစားသုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအား ဆန်းစစ်နိုင်ရန် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစားစားသုံးမှုစစ်တမ်း (Myanmar Micronutrient Food Consumption Survey) စာရင်းကောက်ယူမှုမှာ ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ကွက် (၃၀) (တိုင်းရင်းသားသီးသန့် ၂၃ ကွက်၊ မွတ်စလင်ဘာသာဝင်သီးသန့် ၄ ကွက်၊ တိုင်းရင်းသား-မွတ်စလင် အရော ၃ ကွက်) ကောက်ယူခဲ့ပြီး ရလဒ်များအား ဆန်းစစ်နေပြီဖြစ်ပါသည်။ ယင်းသို့လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည့်အပြင် ရခိုင်ပြည်နယ်တွင် အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန်အတွက် ပုံမှန်ဆောင်ရွက်နေသည့် အာဟာရစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ဗီတာမင်အေတိုက်ကျွေးခြင်း သံချဆေးတိုက်ကျွေးခြင်း စသည်တို့ကို သတ်မှတ်ကာလအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အာဟာရချို့တဲ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် အာဟာရချို့တဲ့မှုဆိုင်ရာ ကုသစောင့်ရှောက်ခြင်းသင်တန်း (၄)ကြိမ်ကို စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်း (၂၀၄)ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ပုံမှန်ဖြန့်ဖြူးခဲ့ပြီး အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ရေးဆိုင်ရာ သင်ကြားရေးအထောက်အကူပြု ပစ္စည်းအစုံ (၁၀၀)၊ အမေနှင့် ကလေး အာဟာရဖွံ့ဖြိုးမှုတိုင်း အီလက်ထရောနစ် စက်ပစ္စည်း(၆)ခု၊ ကလေးအရပ်တိုင်းကိရိယာ (၆)ခု၊ ကလေးလက်မောင်း ပတ်တိုင်း ကိရိယာ (၂၀၀)ခု၊ အထူးနို့မှုန့် အမျိုးမျိုး (၆) သေတ္တာတို့ကို ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဝါးများ

ပညာရေး၊ ကျန်းမာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့ အပေါ် အခြေခံသည့် အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေး မူဝါဒသစ်ကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အရေးယူမှုများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၁) ရက်မှ ဧပြီလ (၃၀) ရက်အထိ ရခိုင်ပြည်နယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုပေါင်း (၆၆)မှု၊ တရားခံ (ကျား) (၈၀)ဦး၊ (မ) (၈)ဦး၊ စုစုပေါင်းတရားခံ (၈၈)ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမှု တန်ဖိုးစုစုပေါင်းမှာ (အမေရိကန်ဒေါ်လာ ၁၉.၀၄သန်းနှင့်ညီမျှသော) ငွေကျပ်သန်းပေါင်း (၂၅,၃၂၄.၉၃) သန်း ဖြစ်ပါသည်။



၈၈ယောက်

၂၀၁၈ခုနှစ် ပထမ (၄)လအတွင်း ရခိုင်ပြည်နယ်တွင် ဖမ်းဆီးအရေးယူခဲ့သော မူးယစ်တရားခံ အရေအတွက်




၂၅,၃၂၄.၉၃ သန်း

၂၀၁၈ခုနှစ် ပထမ (၄)လအတွင်း ရခိုင်ပြည်နယ်တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးတန်ဖိုး

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုငယ်များ၊ လူ့အဖွဲ့ အစည်းများနှင့် အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များထားရှိနိုင်မှုနှင့် ကိုယ်တိုင်ပါဝင်နိုင်မှုများ မြင့်တက်လာစေရန် အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် ပါဝင်သူများ တန်းတူညီမျှရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် လူငယ်များ ပိုမိုပါဝင် မဲပေးနိုင်ရေး၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲစက်ဝန်းတွင် ပိုမိုပါဝင်လာနိုင်ရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်း ဖော်ထုတ်နိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးဝန်ထမ်းများ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲ (၄)ကြိမ်၊ ဆက်စပ်အလုပ်ရုံ ဆွေးနွေးပွဲ (၂)ကြိမ် ကျင်းပ၍ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီး ပါဝင်မှုကို လေ့လာပါက ရခိုင်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးပါဝင်မှုမှာ ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် (၁၆.၆၇%)၊ ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် (၂၄.၁၄%)နှင့် မြို့နယ်အဆင့် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများတွင် (၁၇.၈၉%) အသီးသီး ရှိပါသည်။



ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် အမျိုးသမီးပါဝင်မှု

ရခိုင်ပြည်နယ်၊ လူ့အဖွဲ့အစည်းအတွင်း လူမျိုးစုနှင့် ဘာသာရေးအဖွဲ့အားလုံးမှ လူမှုရေး ဆောင်ရွက်ချက်များကို အားပေး မြှင့်တင်မှုတစ်ရပ်အနေဖြင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအစီရင်ခံသည့်ကာလအတွင်း ပြည်နယ်အသင်းအဖွဲ့ မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင် ထုတ်ပေးသော အဖွဲ့(၃)ဖွဲ့၊ ယာယီအဖွဲ့ (၇)ဖွဲ့၊ စုစုပေါင်း (၁၀)ဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင် ထုတ်ပေးသော အဖွဲ့ (၁၁)ဖွဲ့၊ စုစုပေါင်း အဖွဲ့ (၂၁)ဖွဲ့အတွက် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မဖြစ်မနေ အကောင်အထည် ဖော်ဆောင်ရမည့် လုပ်ငန်းမှာ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးပင် ဖြစ်ပါသည်။ ထိုသို့ပေါင်းစည်းမှုကို စတင်အကောင် အထည်ဖော်သည့်အနေဖြင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၉-၄-၂၀၁၈နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းတွေ့ဆုံပွဲမှ အချက်များကို သုံးသပ် အကောင်အထည်ဖော်ခြင်းဖြင့် လူမှုပေါင်းစည်းမှုကို တဆင့်ပြီးတဆင့် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

ဘာသာရေး၊ လူမျိုးရေးအရ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းများကို ကာကွယ် တားဆီးနိုင်ရန်၊ မတူကွဲပြားသည့် ဘာသာဝင်များနှင့် လူမျိုးများအကြား အပြန်အလှန် လေးစားစွာဆက်ဆံပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။

## လုံခြုံရေးကဏ္ဍ




၂၀၁၈ ခုနှစ်၊ပထမ(၄)လ အတွင်းပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အတွက်လေ့ကျင့်ပေးခဲ့သော ရဲတပ်ဖွဲ့ဝင်အရေအတွက်

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများ ဆောင်ရွက်လျက်ရှိရာ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ (၇)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာထမ်း/အမှုထမ်း (၂၄၅)ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များ အားလုံးသည် အမည်ရင်ထိုးများ ထင်ရှားမြင်သာစွာ တပ်ဆင်အသုံးပြုလျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးစခန်း (၂၆) ခုတွင် CCTV ကင်မရာ (၂၆) လုံး တပ်ဆင်ရန်အတွက် ကုန်ကျမည့်ငွေကျပ် (၂၀.၅၃) သန်းကျပ်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေး တောင်းခံထားရှိပါသည်။

ရခိုင်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဂင်များအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသော တပ်ဖွဲ့များဖြစ်ပါသည်။ ဥပဒေချိုးဖောက်သူများအား ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်းအပါအဝင် ရဲတပ်ဖွဲ့ဂင်များသည် သတ်မှတ်ထားသော ဥပဒေဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းချိုးဖောက်မှုနှင့် ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်း စုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယင်းအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ကလည်း ယင်းတို့လက်ခံရရှိသည့် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့ဂင်များနှင့် လူထုအကြား လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်ပြီး မလိုလားအပ်သော အထင်အမြင်လွဲမှားမှုများ လျှော့ချနိုင်ရန် မွတ်စလင်ဘာသာဂင်အများစု နေထိုင်သောဒေသတွင် ဘာသာစကားကျွမ်းကျင်သော ဒိုင်းနက်/ ရခိုင် တိုင်းရင်းသားများမှတစ်ဆင့် ဘာသာပြန်ပေးခြင်း (သို့) ဘာသာစကား ကျွမ်းကျင်သော ရဲတပ်ဖွဲ့ဝင်များအား ဘာသာပြန်အဖြစ် အသုံးပြုဆောင်ရွက်ခြင်း၊ မွတ်စလင်ဘာသာဂင်များထဲမှ မြန်မာစကား နားလည်သူများအား ဘာသာပြန်အဖြစ် ဆောင်ရွက်စေခြင်း စသည့်နည်းလမ်းတို့ဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု

ရခိုင်ပြည်နယ်ရှိ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်ပျက်စေဘဲ ရေရှည်တည်တံ့စေရန် စနစ်တကျ ထိန်းသိမ်းခြင်း၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေး လုပ်ငန်းစဉ်အဆင့်များ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း

- မြောက်ဦးမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများအား ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ကောက်ယူထားသော အချက်အလက်များအား မှတ်တမ်းများပြုစုခြင်း၊

- မြောက်ဦးမြို့ ရှေးဟောင်းအဆောက်အအုံများအား Drone ဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခြင်း၊

- မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ် ပညာပေးရေးလုပ်ငန်းကို မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်ခြင်း၊

- ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာမှတ်တမ်းတင်ခြင်း၊ အစီရင်ခံစာ ရေးသားပြုစုခြင်း၊ ရခိုင်မင်္ဂလာ လက်ထပ်ပွဲ(သမက်တက်ပွဲ) ရိုးရာဓလေ့တို့ကို လေ့လာမှတ်တမ်းတင်ခြင်း၊ ကျောက်တော်မြို့နှင့် ပုဏ္ဏား ကျွန်းမြို့၊ နယ်ခြားမှတ်တိုင်အနီးရှိ ပြိုင်းတောင်ပေါ်ရှိ ရှေးဟောင်းဘုရားတစ်ဆူနှင့် ကျောက်ဆစ်လက်ရာများ အား ကွင်းဆင်းလေ့လာခြင်း၊ မြောက်ဦးပြတိုက်အတွင်းရှိ ငွေဒင်္ဂါး၊ စဉ့်ထည်နှင့် လူ့အသုံးအဆောင်ပစ္စည်း များအား စာရင်းကောက်ယူခြင်း၊

- မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ မြဝါတောင်စေတီ၊ ဘားဘူတောင် စေတီ၊ သျှင်ငယ်တက်စေတီ၊ ဖုတ်တောမော်စေတီနှင့် မင်္ဂလမာရ်အောင်စေတီများကို ပြုပြင်ထိန်းသိမ်းခြင်း၊ နိမ္မျဇာ တောင်တန်းရှိ ဆင်းတုတော်များအား ထိန်းသိမ်းခြင်း၊


- နန်းတော်ရာကုန်း တူးဖော်မှုနေရာများအား ပန္နက်ရိုက်(Layout) လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တူးဖော် သုတေသနပြုခြင်း၊

- မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ ပြည်ပပညာရှင်များ ထောက်ပံ့ကူညီသည့် နိုင်ငံများမှ သံအမတ်ကြီးများ၊ ဒေသခံပြည်သူများပါဝင်သော ညှိနှိုင်းအစည်းအဝေး (၁၁)ကြိမ် ကျင်းပခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ၊ ပေါက်တောမြို့နယ်များရှိ သက်တမ်း နှစ်(၁၀၀) ကျော်ရှိသော ဗုဒ္ဓဘာသာဆိုင်ရာစေတီနှင့် ဘာသာရေးအဆောက်အအုံ (၄၃)ခု၏ သမိုင်းကြောင်း အချက်အလက်များကို လေ့လာ မှတ်တမ်းတင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

# နယ်စပ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

နှစ်နိုင်ငံအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေသည် ၁၅-၂-၂၀၁၈ ရက်မှ ၁၇-၂-၂၀၁၈ ရက်အထိလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ၁၁-၄-၂၀၁၈ ရက်မှ ၁၃-၄-၂၀၁၈ ရက်အထိလည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးသွားရောက်ခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြည်ထဲရေးဝန်ကြီးသည် ၂၃-၁၀-၂၀၁၇ ရက်မှ ၂၅-၁၀-၂၀၁၇ ရက်အထိလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးသည် ၂၂-၁၁-၂၀၁၇ ရက်မှ ၂၃-၁၁-၂၀၁၇ ရက်အထိလည်းကောင်း မြန်မာနိုင်ငံသို့ အသီးသီး လာရောက်၍ ဆွေးနွေးခဲ့ကြပါသည်။



နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၅-၁-၂၀၁၈ ရက်တွင် နေပြည်တော်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ Joint Working Group ၏ ပထမ ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြီး 'Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh' ကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုး နိုင်ခဲ့ပါသည်။ ပြန်လည်လက်ခံရေးအစီအစဉ်များတွင် UNDP နှင့် UNHCR တို့ ပါဝင်ကူညီနိုင်ရေးအတွက် MoU လက်မှတ် ရေးထိုးနိုင်ရေးကို ၂၃-၂-၂၀၁၈ နေ့မှစတင်၍ ညှိနှိုင်းဆောင်ရွက် လျက်ရှိပါသည်။




ရခိုင်ပြည်နယ်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရသော တိုင်းရင်းသားများနှင့် ဟိန္ဒူဘာသာဝင်များအတွက် နေအိမ် (၁,၁၂၆)လုံးနှင့် မွတ်ဆလင်ဘာသာဝင်များအတွက် နေအိမ် (၁၈၂)လုံး၊ စုစုပေါင်း (၁,၃၀၈)လုံးကို ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ UEHRD၊ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်း၊ CBဘဏ်၊ တပ်မတော်နှင့် အိန္ဒိယနိုင်ငံအစိုးရတို့ ကလည်းကောင်း၊ စာသင်ကျောင်း (၄)ကျောင်း၊ ဆရာ/ ဆရာမ အဆောင် (၂)ဆောင်၊ ဘုန်းကြီးကျောင်း (၄)ကျောင်း၊ လမ်းများ၊ စသည်တို့ကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တနင်္သာရီတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်တို့ ကလည်းကောင်း၊ ဆောက်လုပ်ပေးလျက်ရှိပါသည်။ တစ်ဖက် နိုင်ငံသို့ နေရပ်စွန့်ခွာသူများကို တောင်ပြိုလက်ဝဲစခန်း၊ ငါးခူရစခန်းတို့တွင်ပြန်လည်လက်ခံ၍ လှုဖိုးခေါင်ကြားစခန်းတွင် ခေတ္တထားရှိပြီး နေအိမ်များဆောက်လုပ်ပြီးပါက ၎င်းတို့ကျေးရွာ များတွင် နေထိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါမည်။




နေရပ်စွန့်ခွာသူများအတွက် တည်ဆောက်ပြီးနေအိမ်များ

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံ လုံခြုံရေးနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲမှုအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း မြန်မာဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး (၄)ကြိမ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး (၁)ကြိမ် စုစုပေါင်း (၅)ကြိမ် ပြုလုပ်ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ခရိုင်အုပ်ချုပ်ရေးမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲ (၁)ကြိမ်ကိုလည်း ပြုလုပ်ခဲ့ပါသည်။




နှစ်နိုင်ငံအကြားပြုလုပ်ခဲ့သည့်
တပ်ရင်းမှူးအဆင့် အလံတင်အခမ်းအနား အစည်းအဝေး

မောင်တောဒေသကုန်သွယ်မှု တိုးတက်မြင့်မားလာစေရေးအတွက် မောင်တောမြို့ ကညင်ချောင်း ကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ရာ လိုအပ်သည့် အခြေခံအဆောက်အဦများဖြစ်သည့် ကွန်ကရစ်ဆိပ်ခံတံတား (၂)စင်း၊ ပင်မအဆောက်အဦ (၁)လုံးနှင့် ကုန်စည်ပြခန်း အဆောက်အဦ (၂၀)လုံး ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ပါသည်။ ဖွင့်လှစ်ပြီးဖြစ်သည့် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိရာ စစ်တွေကုန်သွယ်ရေးစခန်းမှ ၁-၁-၂၀၁၈ မှ ၂၇-၄-၂၀၁၈ ထိ အမှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ (၇.၀၁)သန်းဖြစ်ပြီး ယခင်နှစ်အလားတူကာလထက် အမေရိကန်ဒေါ်လာ (၅.၇၄၇)သန်း ပိုမိုလာခဲ့ပါသည်။ မောင်တောကုန်သွယ်ရေးစခန်းတွင် ၁-၁-၂၀၁၈ မှ ၂၇-၄-၂၀၁၈ ထိ အမှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ (၆.၉၅၈)သန်း ဖြစ်ပြီး၊ ယခင်နှစ်အလားတူ ကာလထက် အမေရိကန် ဒေါ်လာ (၄.၃၆၅)သန်း ပိုမိုလာခဲ့ပါသည်။



စစ်တွေကုန်သွယ်ရေးစခန်း
အမှန်ကုန်သွယ်မှုပမာဏ



မောင်တောကုန်သွယ်ရေးစခန်း
အမှန်ကုန်သွယ်မှုပမာဏ

## ဒေသတွင်းနိုင်ငံများနှင့် ဆက်ဆံရေး

မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေမှုများကို ဒေသတွင်း နိုင်ငံများ အပါအဝင် နိုင်ငံတကာမှ ကျယ်ပြန့်စွာ သိရှိနိုင်ရေး အတွက် နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားမှုများ ဆောင်ရွက်လျက်ရှိရာ

- စင်ကာပူနိုင်ငံတွင် ၂၅-၄-၂၀၁၈ မှ ၂၈-၄-၂၀၁၈ နေ့အထိ ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော် သမ္မတဦးဝင်းမြင့် တက်ရောက်ခဲ့ပြီး ASEAN Summit Retreat တွင် ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်းသော ဖြစ်ပေါ်တိုးတက်မှုများကို လည်း ကောင်း၊




- သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် ၁၇-၃-၂၀၁၈ နေ့မှ ၁၈-၃-၂၀၁၈နေ့အထိ ကျင်းပခဲ့သည့် အာဆီယံ-သြစတြေးလျ အထူးထိပ်သီးအစည်း အဝေးနှင့် အာဆီယံနှင့် သြစတြေးလျနိုင်ငံ ခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ခဲ့ပြီး ရခိုင်ပြည်နယ်ကိစ္စ အပါအဝင် နိုင်ငံ၏ စိန်ခေါ်မှုများ ကို လည်းကောင်း၊




- ၆-၂-၂၀၁၈ နေ့တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော ASEAN Foreign Ministers' Retreat သို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့ ပြီး ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ မြန်မာ အစိုးရ၏ ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပါသည်။




ရခိုင်ပြည်နယ်၏ မြေပြင်အခြေအနေကို လက်တွေ့ကျကျ သိရှိ နိုင်ရန် မြန်မာနိုင်ငံအခြေစိုက်သံရုံးများနှင့် ကုလသမဂ္ဂ အေဂျင်စီ များမှ အကြီးအကဲများအား အုပ်စု (၃)စုခွဲကာ ရခိုင်ပြည်နယ် လေ့လာရေးခရီးစဉ်ကို ၆-၂-၂၀၁၈နေ့၊ ၉-၂-၂၀၁၈နေ့နှင့် ၁၅-၂-၂၀၁၈နေ့များတွင် ပို့ဆောင်ပေးနိုင်ခဲ့ပါသည်။



အိမ်နီးချင်း နိုင်ငံများနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံများ၏ နယူးယောက်မြို့ အခြေစိုက် ကုလသမဂ္ဂဆိုင်ရာ

အမြဲတန်း ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၃၀-၄-၂၀၁၈ ရက်နေ့မှ ၁-၅-၂၀၁၈ ရက်နေ့အထိ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့တို့နှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။



## အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှု

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် (၂၀၁၇)ခုနှစ်၊ ဒီဇင်ဘာလက ဖွဲ့စည်းခဲ့သော ထိုင်းနိုင်ငံအငြိမ်းစား ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E Prof. Surakiart Sathirathai ဦးဆောင်သည့် ပြည်ပပညာရှင် (၄)ဦး၊ ပြည်တွင်းပညာရှင် (၅)ဦး၊ စုစုပေါင်း (၉)ဦးပါဝင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းမှုများကို ဆောင်ရွက်ခဲ့ပါသည်။




အကြံပေးအဖွဲ့ ဥက္ကဋ္ဌ H.E. Prof. Surakiart Sathirathai နှင့် အဖွဲ့ဝင်များသည် ၂၂-၁-၂၀၁၈ နေ့မှ ၂၅-၁-၂၀၁၈ နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ ရခိုင်ပြည်နယ် မောင်တော မြို့နယ်နှင့် ကျောက်ဖြူမြို့နယ်များသို့ နယ်မြေအခြေအနေ သွားရောက်လေ့လာခြင်းတို့ ပြုလုပ်ပြီးနောက် လိုအပ်သောအကြံပြုမှုများ ဆောင်ရွက်ခဲ့ပါသည်။



ယင်းအကြံပေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၃၁-၃-၂၀၁၈နေ့မှ ၂-၄-၂၀၁၈နေ့အထိ မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် လာရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် စင်ကာပူနိုင်ငံသို့ သွားရောက်ကာ ၃-၄-၂၀၁၈နေ့တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံခဲ့ပါသည်။ ယင်းနောက် အာဆီယံသံရုံး အကြီးအကဲများအား ပြန်လည်ရှင်းလင်းပြောကြားမှု (Debreifing) ပြုလုပ်ကာ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီး အသိပေးရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ ပြည်သူသို့ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ပြည်သူ့ထံသို့ အစီရင်ခံ တင်ပြနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အထောက်အကူပြုရုံး အဖွဲ့ဝင်များသည် ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများနှင့် မကြာခဏ တွေ့ဆုံ၍ လိုအပ်ချက်များ၊ ဆွေးနွေးရရှိချက်များကို ကော်မတီသို့ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပြီး ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များတွင် လက်တွေ့အကျိုးရှိမည့်လုပ်ငန်းများကို ဦးစားပေးရွေးချယ်ကာ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသကဲ့သို့ အခြားမဖြစ်မနေ ဆောင်ရွက်ရန် ကိစ္စများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ သိသာထင်ရှားသော ပြောင်းလဲမှုများကို ပြည်သူသို့ လေးစားစွာ အစီရင်ခံခြင်း ဖြစ်ပါသည်။